# ဘဝကကြီးပေါ်မှာ

(ခေတ်စမ်းအတ္ထုပ္ပတ္တိဝတ္ထုရှည်)

ချင်တောစမာလ

(နဂါးပေါ်)



## ဘဂကကြိုး

သုံးပုံ အကုန်ခွင်းပါလို့
ကုန်မကြွင်း နှံ့စေကာ
ကျမ်းသဂြိုဟ် အောက်လိုရင်း
ဟင်းပေ့ါဆွေ့မှာ ။

သတိသွင်းစေဖို့ စုံခြင်းရာ
ပုံခင်းကာ စံပြ။

ကြိုးဟန်က ကချေသည်
အထက်ပွေပလီလို့
အောက်ဆီမှာ အတွယ်ကင်းတော့
ဟိုဟာတွေ ဟာလာဟင်း
သင်းနှင့်တူလှ။ ။
(နဲ့ကြိုးဆရာတော်)

# လူများ အကြောင်း စိတ်ဝင်စားသည်

စိတ်ဝင်စားဖွယ်ရာများ သော လောကကြီးအတွင်း၌ လူများ စွာ၏ အကြောင်းသည် ပို၍ စိတ်ဝင်စားဖွယ်ကောင်းလှပါသည် ။ ယနေ့ သူသူ ကိုယ်ကိုယ် နေ့စဉ်သွားလာလှုပ်ရှားနေကြသော လူသားများ စွာထဲတွင် တစ်ဦးတိုင်း တစ်ယောက်တိုင်းစီ၌ ဘဝသမိုင်းများ အကြောင်းတရားများ ရှိကြသည် ။

ထိုအကြောင်းတရားများ သည် အများ နှင့်ရောထွေးနေသောအခါ စိတ်ဝင်စားဖွယ်မရှိ ပကတိ ရိုးရှင်းလှသော်လည်း တစ်ယောက်ချင်းစီ၏ ကိုယ်ရေးများကို ကျကျနန လေ့လာကြည့်ရသောအခါ တွင် မူ နက်ရှိုင်းသော ဆန်းကြယ်သော စိတ်ဝင်စားဖွယ်ကောင်းသော အရာများကို ဂန္ထဝင်ရုပ်ရှင် ကားကြီးတစ်ကား ဖတ်နေရ၊ ကြည့်နေရသလို မှ င်သက်ငေးမောနေမိကြရပါသည် ။

လောကတွင်းရှိသော လူရိုင်းတစ်ယောက် အကြောင်း၊ လမ်းဘေး လေလွင့်ကလေး တစ်ယောက်အကြောင်း၊ မိဘမဲ့ကလေးတစ်ယောက် အကြောင်း၊ သူဖုန်းစားတစ်ယောက်အကြောင်း၊ ရဟန်းတော်များ အကြောင်း၊ စစ်သားများ အကြောင်း၊ သူခိုးများ အကြောင်း၊ ဓားပြများ အကြောင်း မည်သူ၏ အကြောင်းများအားဖြစ်ဖြစ် ခရေစေ့တွင်းကျ စေ့ငှသေချာ လေ့လာကြည့်သောအခါ သူ့ဘဝ သူ့စရိုက် သူ့အကြောင်း သူ့ဇာတ်ကွက်များ ဖြင့် သူကိုယ်တိုင်မင်းသား၊ မင်းသမီးဇာတ်လိုက် ဖြစ်နေကာ ဘဝများ ၏ အတိမ်အနက် အကွေ့အကောက်များ ဖြင့် အတုယူဖွယ် ရှောင်ကြဉ်ဖွယ်ရာ သင်္ခန်းစာများ စွာ ရှိနေကြပါသည် ။ အချို့သော

ဘဝအကြောင်းများ သည် သိင်္ဂါရ ရသကို ပေးစွမ်း စေပြီး သူ၏ ဘဝတစ်ကွေ့မှ မေတ္တာ အချစ် သစ္စာများ သည် နားထောင်ရသူ၊ ဖတ်ရသူ၊ ကြည့်ရသူ၏ ရင်တွင်း စူးစူးနစ်နစ် ထိရှလှပါသည် ။

လူအများ သည် "သူများ အကြောင်း စိတ်မဝင်စားဘူး" ပြောလေ့ရှိကြသည် ။ သူများ ၏ အကြောင်းသည် စိတ်မဝင်စား၍ မရ၊ သူများ အကြောင်း စိတ်ဝင်စားမှ ကိုယ့်အကြောင်းကိုယ် ပြုပြင် နိုင်ကြမည်ဖြစ်သည် ။ ဥပမာ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည့် တရားများ စွာ အနက် ငါးရာ့ငါးဆယ် ဇာတ်နိပါတ်များကို ကြည့်ပါမူ သူများ ၏ အကြောင်းချည်းသာ ဖြစ်သည် ကိုယ့်အကြောင်း စိုးစိမျှ မပါ။သို့သော် နှစ်ပေါင်း ၂၅၀၀ ကျော်သည့်တိုင် ထိုသူများ ၏ အကြောင်းများကို တစိုက်မတ်မတ် ဖတ်နေကြဆဲ လေ့လာနေကြဆဲ ဖြစ်သည် ။ အဘယ့်ကြောင့် ယနေ့အချိန်ထိ ဖတ်နေရပါသနည်းဟု မူ ကိုယ့်ဘဝနှင့်ယှဉ်ကာ အသိပညာ၊ အတတ်ပညာများကို ယူလိုကြသောကြောင့်ပင်ဖြစ်သည် ။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အကြောင်းကို လေ့လာကြရာ၌ အထင်ကရ နာမည်ကြီးများ ပေါ်ပြူလာဖြစ်သူ၊ အောင်မြင်သူများ ၏ အကြောင်းလောက်သာ လေ့လာရမည်မဟုတ်။ အလွန်နက်နဲ သော ခက်ခဲသော ဘဝအတိမ်အနက်များ အတွေ့အကြုံများ ဖြေရှင်းနည်းများ ရှောင်ကွယ်နည်း များ သည် သာမန်လူတန်းစားများ ဆီ၌ လည်း များ စွာ ရှိနေပေသည် ။ ထို့ကြောင့် လူတိုင်း၏ ဘဝ ခလေ့များကို စိတ်ဝင်စားစွာ လေ့လာသင့်ပါသည် ။ လမ်းဘေးတွင် မူးပြယ်နေသော ရူးရယ်နေသော လူများ သည် လည်း သူ့ဘဝ၌ သူကိုယ်တိုင် မင်းသားဖြစ်လျက် တကယ့်အနှစ်ပြည့်သော သင်ခန်းစာ များ ၊ အခြားလူများ အတွက် ရှိနေမည်မှာ မလွဲပေ။

ယခု သျှင်တေဇမာလာ (နဂါးပေါ်)မှ ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက် နာယက စာရင်းဝင် ရတနာမြင့်ကျောင်းဆောင်မှ အရှင်စန္ဒောဘာသ၏ ဘဝတစ်စိတ်တစ်ပိုင်းကို မှတ်သား ဖွယ်ရာ ဆရာတော်ကြီးများ ၏ သြဝါဒများ သာသနရေးဆုံးမစာများ ထုံမွမ်းလျက် ခေတ်စမ်းဝတ္ထု ရှည်ကြီးအဖြစ် ဖန်တီးထားသည် မှာ အလွန်တရာကောင်းမွန်လျက် ရသမြောက်လှပါသည်။

အမှန်အားဖြင့်ဆိုရသော် အရှင်စန္ဒောဘာသအား နေ့စဉ်တွေ့မြင်နေရသည့် အားလျော်စွာ သူ့အကြောင်း လုံးဝစိတ်မဝင်စား စိတ်ဝင်စားစရာလည်း ရှိသည် ဟု မထင်မိ၊ သို့သော် သူ၏ ဘဝ အတိမ်အနက် အကွေ့အကောက်များအား သျှင်တေဇမာလာ (နဂါးပေါ်)၏ လက်ဖြင့် ခြယ်သလိုက် သောအခါ အလွန်စိတ်ဝင်စားစရာ ကောင်းနေတာကို တွေ့ရပါသည် ။ ဝတ္ထုတစ်ပုဒ်တွင် အကြောင်း အရာကောင်းခြင်း မကောင်းခြင်းသည် အဓိကမကျလှ၊ စာရေးသူ တင်ပြပုံကောင်းခြင်း၊ မကောင်း ခြင်းသည် သာ အဓိကကျပေသည် ။ သျှင်တေဇမာလာ(နဂါးပေါ်)၏ လက်သည် ကား ကျွန်တော်နှင့် ငယ်ပေါင်းကြီးဖော်တွေ ဖြစ်သောကြောင့် အထူးပြောစရာမရှိ၊ ကောင်းမွန်မည်ဆိုသည် ကို ဤဝတ္ထု မဖတ်ခင်ကတည်းက ကြိုတွေးထားပြီးသား ဖြစ်ပါသည်။

ယခု ဝတ္ထုထဲတွင် အရှင်စန္ဒောဘာသ၏ စိတ်ထားထက် သူ၏ အဘွားနှင့် အဒေါ်လည်း ဖြစ်၊ ရဟန်းဒါယိကာမများ လည်း ဖြစ်သော ဒေါ်ကျင်သန်းနှင့်သမီး မဝင်းကြည်တို့ ၏ စိတ်ထားကို ပိုမို သဘောကျမိသည် ။

အဘယ်ကြောင့် ဆိုသော်ကား အရှင်စန္ဒောဘာသဖြစ်လာမည့် မောင်

ဇော်မင်းလေး၏ အမေမှာ မီးတွင်းမှာ ဆုံးသည် ။ အဖေသည် ဒီကလေးကြောင့် သူ့ဇနီးသေရသည် အစွဲဖြင့် အဝေးသို့ထွက်ခွာ သွားကာ များ မကြာမီနှစ်ပိုင်းအတွင်း ဆုံးပါးပြန်သည် ။ လူ့ဘဝတွင် စရောက်ရောက်ခြင်း လောကဓံ ရိုင်းကို ရင်ဆိုင်နေရသော လူမမည် မောင်ဇော်မင်းလေးအား အဘွားဖြစ်သူ ဒေါ်သန်းကျင်နှင့် အဒေါ် မဝင်းကြည်တို့ မှ အမေလိုတစ်မျိုး အဖေလိုတစ်သွယ် အဘိုးလိုတစ်သား အဘွားလို မခြား အဒေါ်လို မနားဘဲ အဘက်ဘက်မှ နေ၍ လုပအောင် အရိုင်းလောကဓံကို ယဉ်လာအောင် ဆောင်မပေးခဲ့ကြ သည် ။

မောင်ဇော်မင်းလေးအား မွေးစားသားအဖြစ် မွေးချင်သူ ပေါ်ခဲ့ပေမယ့် မိမိရင်မှ ဖြစ်သော သားအရင်းကဲ့သို့မခြား ရွှေလိုဥ၍ ပြုစုမွေးမြူလာခဲ့သည် ။ ရှင်ပြုချိန်တန်ရှင်ပြု၊ ရဟန်းခံချိန်တန် ရဟန်းခံ၊ စာသင်ရာတွင် ထောက်ပံ့ဖြင့် မေတ္တာသရုပ်ဖော်ထုတ်ပြနိုင်ခဲ့သည် ။ သူတို့ ၏ မေတ္တာတရား များကို အထူးလေးစားမိသည် ။ သူတို့ ၏ ပဲ့ကိုင်ခြယ်သမှုကောင်းခြင်းကြောင့် မောင်ဇော်မင်းလေးမှာ ရန်ကုန်မြို့ အထင်ကရဖြစ်သော ရန်ကင်း ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက်ကြီး၌ သာသန ဇေမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ နာယကဆရာတော် တစ်ပါးပင် ဖြစ်၍ နေချေပြီ။

အရှင်စန္ဒောဘာသသည် အနာဂတ်သာသနာတော်ကြီးအတွက်အားကိုးထိုက်သော စစ်သေနာ ပတိကြီး ဖြစ်ပါစေဟု တော့ အားကိုးတကြီး မျှော်လင့်မိပါသည် ။ ထိုသို့ဖြစ်အောင်လုပ်လိမ့်မည်ဟု ယူဆပါသည် ။ မည်သို့ပင်ဆိုစေ အရှင်စန္ဒောဘာသအား ယခုလိုဘဝမျိုးရောက်အောင် ပို့ဆောင်ပေးခဲ့ ကြသော မယ်တော်ကြီး ဒေါ်သန်းကျင်နှင့် အဒေါ်ဖြစ်သူ မဝင်းကြည်တို့ ဇနီးမောင်နှံကိုတော့ အထူး ကျေးဇူးတင်နေမိပါသည် ။ ကျောက်ကောင်းတစ်ပွင့်ဖြစ်ဖို့ အထပ်ထပ်သွေးမှ အဖိုးတန်ကျောက်

ကောင်းတစ်ပွင့် ဖြစ်လာမည်ဖြစ်ပါသည် ။ ထိုကျောက်အား မသွေးဘဲ လမ်းဘေး၌ ဖြစ်ချင်ရာဖြစ် ပစ်ထားလျှင် အရှင်စန္ဒောဘာသ၏ ဘဂသည် ယခုအချိန်၌ နွားကျောင်းသားတို့ ၏ လက်မှ လောက် စာလုံးလေးသဖွယ် မကောင်းမှု၌ ကျင်လည်နေတော့မည်ကို တွေးတောရင်ပူမိပါသည် ။

ထို့ကြောင့် ဒီအခြေ ဒီအနေဖြစ်အောင် ယနေ့အချိန်ထိ အဘက်ဘက်မှ ထောက်ပံ့လျက် ကံထပ်ပေးသူ၊ လှူဒါန်းပေးသူ စာသင်စာချပေးသူ အရှင်စန္ဒောဘာသအတွက် ကျေးဇူးမကင်းသူများ အားလုံးရဲ့ ကုသိုလ်များကို သာစုခေါ်ကာ အထပ်ထပ် ကျေးဇူးတင်နေမိပါသည် ။

ဘဂဟူသည် အတိမ် အနက်၊ အတက် အကျ၊ အပူ အအေး၊ အကောင်း အဆိုး စသည် အား ဖြင့် ရိုက်ခတ်မှုအား ပြင်းထန်လှပါသည် ။ ထိုရိုက်ခတ်မှု ပြင်းထန်သောဘဂများကို ရရှိနေကြသူ တိုင်းတွင် အထိမ်းအကွပ် အဆောင်အမ မရှိပါက ဘဂသည် မှောင်သည် ထက်မှောင်၊ နိမ့်သည် ထက် နိမ့်ကျနေမည်သာဖြစ်သည် ။ ထိုသည် ကြောင့် ဘဂတိုင်းတွင် လမ်းပြပေးသူ ကူညီဖေးမပေးသူ ပဲ့ကိုင် ပေးသူများ လိုအပ်လှသည် ။ ထိုသူများ သည် လည်း တကယ့်မေတ္တာ စေတနာ ပြဋ္ဌာန်းမှ သာလျှင် ဘဂ ကောင်းလေးများ တောက်တောက်ပြောင်ပြောင် ပေါ်လာနိုင်မည် ဖြစ်ပါသည် ။

လူအများ သည် သူတစ်ပါး၏ အကြောင်းကို စိတ်ဝင်စားသင့်သည် ။ ယနေ့အောင်မြင်နေသော စာရေးဆရာတိုင်းသည် များ သောအားဖြင့် သူများ အကြောင်းများကိုသာ မီးမောင်းထိုး ရေးသားကြ သည် ထိုသည်မှာ အတုယူထိုက်သောကြောင့် လိုက်နာအပ်၊ ရှောင်ကြဉ်အပ်သည် များကို မြင်စေလို သောကြောင့်ဖြစ်ပါသည် ။ ယခုလည်း သျှင်တေဇမာလာ (

နဂါးပေါ်)မှ မိမိမဟုတ်သော သူတစ်ပါး ဖြစ်သူ အရှင်စန္ဒောဘာသ၏ အကြောင်းကို ဝတ္ထုရှည်အဖြစ် ဖန်တီးလိုက်ပေပြီ။ စာအုပ်အားဖတ်ပြီး အတုယူသင့် ရှောင်ကြဉ်သင့်သည် များကို သတိပြုလျက် သိင်္ဂါရ ရသ သန္တရသများ ခံစားနိုင်ကြ ပါစေသော် ...။

အားလုံးကို ချစ်ခင်လေးစားတန်ဖိုးထားလျက် ...

**ပီတိ (ပေကြီး)**
**၁၈-၂-၂၀၁၅**

***

# အမှာစာ

"Art is imitation - စာပေအနုပညာဆိုသည် မှာ အစစ်အမှန်သဘော ကို တုထားခြင်း ဖြစ်သည် "ဟု ပလေတိုက ဆို၏။

ဤသည် ကို ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်က သံယောင်လိုက်၍ ‘ဂ တ္ထုဆိုသည် မှာ လောက ကို တူအောင်တုထားခြင်းဖြစ်သည် ’ ဟု ဖွင့်ဆိုပြန်သည် ။ ဤအရှင်တော့ကား ယင်းပုဂ္ဂိုလ်ကြီး၏ စကားများကို ထပ်ဆင့် ထပ်ဆင့် သံယောင်လိုက်မိပြန်သည် ။

‘အတ္ထုပ္ပတ္တိဂတ္ထုဆိုသည် မှာ ဘဂကိုမွမ်းမံ၍ ထပ်တူကျအောင် တု ထားခြင်းဖြစ်သည် ’ဟူ၍ ...

ဤနေရာ၌ တစ်ဦးနှင့်တစ်ဦး ဖွင့်ဆိုပုံများ ကွာဟသွားသကဲ့သို့ ဖန် တီးမှုအမျိုးအစားသည် လည်း ကွဲပြားသွားပေသည် ။ ဤဂတ္ထုသည် ရိုး ရိုးဂတ္ထုမဟုတ်။ အတ္ထုပ္ပတ္တိဂတ္ထု ဖြစ်နေခြင်းပေ။ အတ္ထုပ္ပတ္တိဂတ္ထုတွင် လည်း ရိုးရိုးအတ္ထုပ္ပတ္တိဂတ္ထုမဟုတ်ဘဲ ဆန်းသစ်ထားသော အတ္ထုပ္ပတ္တိဂ တ္ထု ဖြစ်ခြင်းကြောင့်ပင် ခေတ်စမ်းအတ္ထုပ္ပတ္တိဂတ္ထုရှည်ဟု အမည်တပ် ထားခြင်း၌ မှားအံ့မထင်။

ယေဘုယျအားဖြင့် ကြီးကျယ်ထင်ရှားသူတို့ ၏ အကြောင်းကိုသာ စာတစ်တန် ပေတစ်တန် ပြု၍ အတ္ထုပ္ပတ္တိ ရေးသားလေ့ရှိကြသည် ။ သို့

ဆိုပါမူ သာမန်ပုဂ္ဂိုလ်တို့ ၏ အကြောင်းကိုကော အတ္ထုပ္ပတ္တိမရေးသင့်ဘူးလော။ အလုပ်ခွင်က အလုပ်သမားတစ်ဦးအကြောင်းနှင့် လယ်တောထဲက လယ်သမားတစ်ဦးအကြောင်းကို အတ္ထုပ္ပတ္တိစာပေထဲ၌ မသွတ်သွင်းသင့်ဘူးလော။

လူသားတိုင်း၌ ကိုယ်ပိုင်ဘဝရှိကြသကဲ့သို့ ယင်းဘဝများ ဖြင့် ဖြတ်သန်းခဲ့ကြရသော သမိုင်း ဟူသည် ရှိကြရပေသည် ။ ထိုဘဝသမိုင်းများဖြင့် လောကအတွက် သူ့တန်ရာတန်ရာနေရာများမှာ အကျိုးပြုတန်ဖိုးမြှင့်တင်သွားကြသည် လည်း ရှိပေသည် ။

နန်းပြဿဒ်ဆောင် စုလစ်မွမ်းချွန်ပေါ်က တောက်ပဝင်းလက်နေသည့် ရတနာသည် တန်ဖိုးအနဂ္ဃထိုက်သကဲ့သို့ မြေကြီးထဲကကဖုန်အလိမ်းလိမ်းကပ်နေသော အိုးခြမ်းပဲ့သည် လည်း တန်ဖိုးသေးလှသည် တော့ကား မဟုတ်ပေ။ အကြောင်းမှာ မူ အိုးခြမ်းပဲ့ဟူသည် လည်း သမိုင်းကို ပြောပြနိုင်စွမ်းသတ္တိများ ရှိနေတတ်သောကြောင့်ပေ။

ယခုထင်ရှားကျော်ကြားသည့် အကျော်အမော်ဆရာတော်ကြီးမဟုတ်သော ဘဒ္ဒန္တစန္ဒောဘာသ ၏ အကြောင်းကို အတ္ထုပ္ပတ္တိရေးခြင်း၌ လည်း သူဖြတ်သန်းခဲ့သော သူ့ဘဝသမိုင်းဖြင့် လောက အတွက် စွမ်းနိုင်သလောက် မြှင့်ထားသောတန်ဖိုးများကို ဤအရှင်၏ ကလောင်ဉာဏ်အားလျော်စွာ ဆီလျော်အောင် တန်ဆာဆင်ပေးခြင်း သဘောမျိုးသာပေ။

ဤ၌တွင် အတ္ထုပ္ပတ္တိဟု ဆိုရာ၌ လည်း အတ္ထုပ္ပတ္တိရိုးရိုးနှင့် ဝတ္ထုရေးဟန် အတ္ထုပ္ပတ္တိဟူ၍ ရှိသည့်အနက် အတ္ထုပ္ပတ္တိရိုးရိုးမှာ ရိုးရိုးရိုက်ထားသော ဓာတ်ပုံနှင့်တူ၍ ဝတ္ထုဟန်အတ္ထုပ္ပတ္တိမှာ ရောင်စုံဆေးဖြင့်ခြယ်ထားသော ပုံတူပန်းချီကားနှင့်တူသည် ဟု ဆရာကြီးသိန်းဖေမြင့်က ဝတ္ထုဟန် အတ္ထုပ္ပတ္တိစာတမ်း၌ တင်ပြထားလေသည် ။

ဤအရှင်ကား ရိုးရိုးဓာတ်ပုံ ဆေးရောင်စုံ ပုံတူပန်းချီကားများကို မှန်နှင့်ဘောင်လှလှ ကလေးနှင့် ခတ်ပေးချင်သော ဇောဆန္ဒရှိခဲ့လေသည် ။ အတ္ထုပ္ပတ္တိထဲက ဇာတ်ကောင်များ ၏ ဘဝ ကကြိုးပေါ်မှ ရရှိလာသော အတွေးအမြင်များ ဖြင့် လှပအောင် မွမ်းမံပေးခြင်းလည်း ဖြစ်ပေသည် ။

အတ္ထုပ္ပတ္တိကို ဝတ္ထုဟန်ရေးရာ၌ လည်း တာဝန်တော့ကား မသေးလှပေ။ ဤအပြင် ရိုးရိုး ဝတ္ထုရေးသကဲ့သို့ စိတ်၏ စီးမျောရာ ဇာတ်ကောင်၏ စီးမျောရာနောက်ကို လိုက်၍ ရေးရခြင်းမဟုတ် ဘဲ ရှိထားပြီး ဖြစ်ထားပြီး ရေးထားပြီးသောသမိုင်းကြောင်း၏ ဘောင်အတွင်းမှ ရေးရခြင်းဖြစ်လေ သည် ။

ထိုသည် တို့ ထက် ပို၍ ခက်ခဲသည် မှာ ဤအတ္ထုပ္ပတ္တိဝတ္ထုတွင် သာမန်ရဟန်းတော်တစ်ပါး၏ အတ္ထုပ္ပတ္တိဖြစ်ခြင်းကြောင့်လည်းကောင်း၊ အကျော်အမော်ပုဂ္ဂိုလ်ကြီးများကဲ့သို့ မဟုတ်ခြင်းကြောင့် လည်းကောင်း၊ ဤအပြင် အတ္ထုပ္ပတ္တိ၏ ဇာတ်လမ်းကျောရိုးသည် သာမန် သူလို ငါလိုထဲတွင် နွယ်ယှက်နေခြင်းကြောင့်လည်းကောင်း၊ ယင်းသို့သော အကြောင်းများ ဖြစ်နေ၍ စာဖတ်သူ၏ စိတ်ပါဝင်စားမှု အားနည်းသွားမည် စိုးသောကြောင့်လည်းကောင်း၊ ဇာတ်လမ်းနှင့် ကျောရိုးအတိုင်း ရေးလျှင် ဖတ်ရသည် မှာ ပေါ့ပြက်ပြက် ဖြစ်နေမည်စိုးသောကြောင့်လည်းကောင်း အစာသွတ်သော အနေအားဖြင့် ကျမ်းကိုးများ အလင်္ကာများ အတွေးအမြင်များကို အံဝင်အောင် အသုံးပြုထားလိုက် ရပေသည် ။

ယင်းသို့ အနှစ်ဖြစ်စေမည့်အစာများ သွတ်ထားသည့် ဤစာအုပ်ဝယ် စာဖတ်သူအတွက် တစ်ခုခုသော အကျိုးအမြတ်ကျန်နိုင်တန်ကောင်း၏ ဟူသော သမ္မာဆန္ဒတော့ကား ဤအရှင့်ရင်တွင်း ၌ ရှိခဲ့ရိုးအမှန်ပေ။

ဤထားရှိခဲ့မိသောစေတနာအတွက် စာဖတ်သူထံမှ မျှော်လင့်မိသည့်တစ်ခုတည်းသောအရာ ကား ဤစာအုပ်ကိုဖတ်ပြီးသော် ဘဂကကြီး ပေါ်မှာ လျှောက်လှမ်းရင်း မိမိတို့ လောကအတွက် ပေးဆပ်ထားခဲ့သမျှသည် ပေးဆပ်ထားသည် နှင့်ကိုက်ညီသော တန်ရာတန်ကြေးများကို ရရှိပိုင်ဆိုင် နိုင်ကြပါစေကြောင်း ...

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဓမ္မဒါနအလှူရှင်များ ဖြစ်ကြသော ဘဒ္ဒန္တစန္ဒောဘာသ အမှူးပြုသည့် ရဟန်းဒါယိကာ/ ဒါယိကာမ၊ ပစ္စည်းလေးပါး ဒါယိကာ/ဒါယိကာမ၊ ဆွမ်းဒါယိကာ/ ဒါယိကာမများ ၊ ဤအရှင့်အတွက်ဆို အမြဲတမ်း ကူညီဖြည့်ဆည်းပေးလေ့ရှိတတ်သော စာရေးဆရာ အယ်ဒီတာ ဒကာတော် ပီတိ(ပေကြီး) စာအုပ်၏ အတွင်းစာမျက်နှာများ ၌ အလှဆုံးဖြစ်အောင် အမြဲတမ်း ကူညီပြင်ဆင် ဖန်တီးပေးတတ်သော ရန်ကုန်မြို့ ပုံရိပ်ရှင်ကွန်ပျူတာမှ ဒကာမ မဝင်းဝင်းရွှေ တို့ အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည် ။ ။

**သျှင်တေဇမာလာ(နဂါးပေါ်)**

***

## ဘဂသစ်

မုနိသည့် အတုမဲ့ နိဗ္ဗာန်ကိုလည်းကောင်း၊
ဘဂကိုလည်းကောင်း၊
နှိုင်းယှဉ်ချိန်ဆ၍ ဘဂသစ်တည်ဖန်သည့်
ကံတရားကို စွန့်ပြီ။
မိမိသန္တာန်၌ ဝိပဿနာဉာဏ်ဖြင့်
မွေ့လျော်သည် ဖြစ်၍ တည်ကြည်သောစိတ်ရှိသည် ဖြစ်၍
ကိလေသာကွန်ယက်ကို ဖျက်ဆီးတော်မူ၏။

**(ဥဒါန်းပါဠိတော်)**

လူသည် ဘဂသစ်တစ်ခု အစပြုပြီဆိုကတည်းက သေချာပေါက်ဒုက္ခတရားနှင့် ရင်ဆိုင် ကြုံတွေ့ကြရလေသည် ။ ယင်းဒုက္ခတရားသည် လည်း လောကအတွင်း၌ သက်ဆင်းလာသော လူသားတစ်ယောက်အား ပြုံးပြုံးကြီး လက်ကမ်းကြိုဆိုနေလေ့ရှိသည် ။ မွေးဖွားကတည်းက ဒုက္ခနှင့် မျက်နှာချင်းဆိုင်ခဲ့ရ၍ ရှုံ့မဲ့ငိုကြွေးကြရသည် ချည်း။ ဒုက္ခကို ပြုံးပြ၍ မွေးဖွားလာသူတို့ ဟူသည် မရှိစကောင်းပေ။

ဤတွင် မနုဿတ္တတာဝေါ ဒုလက္ခဘော ဟု ဆိုထားသေးတော့ ထိုမျှ

ဆင်းရဲလှစွာသော ကြောက်စရာကောင်းသော ဘဂကြီးကိုပင် ရခဲသော သဘောအဖြစ် တည်ဆောက်ထားသေးသည် ။ ဤမျှ ဆင်းရဲသော၊ ကြောက်စရာကောင်းသော ဘဂကြီးကိုပင် သတ္တဝါတိုင်းက တပ်မက်တောင့်တ ကြလေသည် ။

ယင်းသို့သော သဘောတရားများ တွင် သက်ဝင်ထားခြင်းနှင့်အတူ ဒုက္ခတောထဲကိုမှ ရဲရဲကြီး ထိုးချ ဆင်းသက်လာသူလေးတစ်ယောက်၊ သူကလေးသည် မိခင်ဖြစ်သူ မမြရီ၏ ဝမ်းတွင်း၌ ဆယ်လတာကာလပတ်လုံး မွန်းမွန်းကြပ်ကြပ်ဖြင့် အညှီအနံ့များကြား၌ နေခဲ့ရသည် မှာ ငြီးငွေ့လှပြီ ဖြစ်သောကြောင့် ကျဉ်းမြောင်းလွန်းသော ဒွါရပေါက်မှ မရမက တိုးထွက်လာတော့သည် ။

အူဝဲ ... အူဝဲ ... အူဝဲ ... အူဝဲ ...

အင်း ... လူ့ဝဲ ... လူ့ဝဲ ... လူ့ဝဲ ထဲမှာ တဝဲဝဲလည်၍ ဒုက္ခတွေဝေရရှာဦးတော့မည်။ သူကလေးကား ဘဂကို အငိုနှင့်စနေချေပြီ၊ သူ့အရင်စခဲ့သည့် လူပေါင်းများ စွာကား အငိုနှင့် အဆုံးသတ်သွားနှင့်ကြချေပြီ။ သူကလေးကော

အူဝဲ ... အူဝဲ ... အူဝဲ ... အူဝဲ ...

"မွေးပြီ ... မွေးပြီ ... အဲ ... အဲ ... ယောကျ်ားလေးတော့ ယောကျ်ားလေး"

အခန်းတွင်းက ကလေးသံနှင့် လက်သည် မိန်းမကြီးများ ဝမ်းသာအားရ အော်ဟစ်သံကြား တော့မှ ပင် အခန်းအပြင်ဘက်၌ ပျာယာခတ်နေသော မမြရီ၏ လင်သား ကလေး၏ ဖခင်ဟု စာရင်းဝင်သော ကိုစံရင်တစ်ယောက် ရင်ဘတ်ထဲက အလုံးကြီး ပျောက်သွားရတော့၏။

ထိုအခါမှ ပင် စိတ်အစဉ်တို့ ခန္ဓာကိုယ်နှင့် တစ်သားတည်းဖြစ်သွားတော့၏။ လက်ထဲတွင် လည်း ဘယ်အချိန်က ကောက်ကိုင်ထားမိမှန်းမသိသော မီးသွေးခဲတစ်ခဲ ရှိနေသည် ကို ယခုမှ သတိပြုမိ၏။ သတိပြုမိစဉ်ခဏ၌ပင် အိမ်၏ ခါးပန်းအသားပြား၌ ရေးမှတ်လိုက်သည် ကား ...

**'၁၃၃၈ ခု၊ နယုန်လဆန်း(၅) ရက်၊ အင်္ဂါနေ့'**

သူ့သား၏ မွေးနေ့ရက်ချုပ်ဇာတာကို ရေးမှတ်လိုက်ခြင်းပေ။

***

# နိယာမတရား

"ကြည့်စမ်းပါဦးတော်၊ ဂုဂုတုတ်တုတ် တစ်လုံးတစ်ခဲကြီးနဲ့ ချစ်စရာလေးအေ"

"ဟုတ်ပ့ါအေ၊ မြရီတို့ များ မွေးတတ်လိုက်တာ၊ တော် … ကိုစံရင်ကြီး ကြည့်ပါဦး၊ ကိုစံရင်တို့ အတွက် အားကိုးရမယ့်သားတစ်ယောက် ထပ်ရပြန်ပြီ"

မမြရီ ကလေးမီးဖွားပြီဟု သတင်းကြား၍ ရပ်ကွက်ထဲက မိန်းမကြီးများ မိန်းမလတ်များ မိန်းမငယ်များ နှင့် လက်သည် မိန်းမများ ၏ တစ်ယောက်တစ်ပေါက် ပြောသံများ ဖြင့် ဤအိမ်၌ လူစည်ကား သိုက်မြိုက်နေလေသည် ။

ကလေးကို အောင်မြင်ချောမွေ့စွာ မီးဖွားနိုင်ခြင်းကြောင့်လည်း အားလုံးက ဝမ်းသာကြည်နူး နေကြလေသည် ။ လူ့လောကထဲ စတင်ရောက်ရှိလာသော ကလေးအတွက်လည်း ရွှင်မြူးနေကြရင်း တစ်ယောက်တစ်လှည့်စီ လက်ပြောင်း၍ ချီကြ ချော့မြူကြ လုပ်နေကြလေသည် ။

ပုံပြင်တစ်ခုထဲက အကြောင်းတရားနှင့်ကိုကား ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသေးတော့။ လောကကြီးသည် သူ့အမှန်တရားနှင့်သူတော့ကား အံဝင်နေလေသည် ။

ပုံပြင်ထဲ၌ မူ တိုင်းပြည်တစ်ပြည်တွင် နေထိုင်ကြသော ပြည်သူပြည်သားများ ၏ ဓလေ့တစ်ခု ရှိသည် ။ ထိုဓလေ့မှာ တိုင်းပြည်တွင် လူသားတစ်ယောက် မွေးဖွားလာသည် ရှိသော် ဝိုင်းဝန်း၍ ငိုကြွေးကြပြီး လူသားတစ်ယောက် သေဆုံးသည် ရှိသော် ပျော်ပွဲရွှင်ပွဲများ ဖြင့် ဝမ်းသာအားရ ကခုန် လေ့ရှိကြသည် ။

ယင်းပြည်သူတို့ ၏ အယူအဆမှာ လူသားတစ်ယောက် လူ့လောက၌ ရောက်ရှိမွေးဖွားလာ သည် နှင့် တစ်ပြိုင်နက် လူ့လောက၏ ဆင်းရဲဒုက္ခပေါင်းစုံ အမှုပေါင်းစုံ ပြဿနာပေါင်းစုံ အမျိုးမျိုး တို့ ဖြင့် လည်းကောင်း တဖြည်းဖြည်းအိုမင်းရင့်ရော်လာခြင်း အနာရောဂါပေါင်းစုံနှိပ်စက်ခံရခြင်း သေဆုံးရခြင်း စသော ဝဋ္ဋဒုက္ခများကို ရင်ဆိုင်ခံစားရပေတော့မည်။

ထိုဆင်းရဲ ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ခံစားရမည့် လူသားကလေးငယ်တစ်ယောက်အတွက် ဝမ်းနည်းပူဆွေးလွန်းလှ၍ ငိုကြွေးကြခြင်း ဖြစ်ပေသည် ။

လူတစ်ယောက် သေဆုံးသွားခြင်း၌ အဘယ်ကြောင့် ပျော်ပွဲရွှင်ပွဲများ ဖြင့် ဝမ်းမြောက်ကြ သနည်းဟူမူ ယင်းလူ့လောက၏ ဆင်းရဲဒုက္ခပင်လယ်ကြောမှ လွတ်မြောက်သွားပြီဟူသော ယူဆ ချက် အထိမ်းအမှတ်များဖြင့် ထိုသေသူ့အတွက် ဂုဏ်ပြုကြခြင်းဟု ဆိုပေသည် ။

ယခု ကိုစံရင်နှင့် မမြရီတို့ ၏ မွေးဖွားခါစ လူ့ပြည်လောကသို့ ဆင်းရဲဒုက္ခများ ခံစားရမည့် သားလေးအတွက် ဖြူးမြို့နယ်အတွင်းမှ ကျောက်တိုင် ရွာသူရွာသားများ သည် ကား ဝမ်းသာအားရ ဖြင့် ကြိုဆိုနေကြချေသေးတော့ ပုံပြင်ထဲကနှင့်မူ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်ကော။

ကြည့်ပါဦး၊ သဘာဝတရား၏ လင်းခြင်း၊ မှောင်ခြင်း၊ ပူခြင်း၊ အေးခြင်း၊ ဆူညံခြင်း၊ တိတ်ဆိတ်ခြင်း၊ မာကျောခြင်း၊ နူးညံ့ခြင်း စသော တရစပ်ပြေးသွားနေသည့် လောကနိယာမများ နှင့် အစပ်အဟပ်တည့်အောင် မနေတတ်ရှာသေးသည့်  ကလေးမှာ အနေကျပ်လှသဖြင့်  ခံစားခက်၍ ကော့လန်ကော့လန် အော်ကြောညံနေရှာသည် ။

ခံရှာပေဦးတော့ လူကလေးရေ။

ဒါ သင်ရွေးချယ်ခဲ့တဲ့ လမ်း ခြေလှမ်းတွေတောင် စလုံးရေနဲ့ စထားတဲ့ အစပဲ ရှိသေးရဲ့ လေ။

***